## မာတိကာ

၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပါတ်သက်သူများတွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၃ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၃)

၂) ၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ ကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၄ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၆)

၃) ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာ၌ ဌာနသုံးခု သုံးဦးသုံးဖလှယ် လုပ်ရသည့်အတွက် ဘယ်တော့မှမမှန်ကန်နိုင်ဘဲ မဲစာရင်းမှားနိုင်သည်ဟု ခံယူထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ပြောကြား (၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၂၄ရက်၊ Daily ELEVEN ၊ စာမျက်နှာ ၂)

၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၅ရက် ၊ မြန်မာ့အလင်း၊ စာမျက်နှာ ၁၁)

**၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပါတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၃ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၃)**

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လူဦးရေစာရင်းကောက်ယူပြုစုခြင်းလုပ်ငန်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၂) ၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၄ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၆)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် သတင်းမီဒီယာ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ပြည်သူ လူထုတစ်ရပ်လုံး ရွေးကောက်ပွဲဆိုင်ရာအသိပညာ ဗဟုသုတရရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်း (Civic Education) နှင့် ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်များအား မဲပေးခြင်းဆိုင်ရာ အသိပညာပေး ဆောင်ရွက်သည့်လုပ်ငန်း( Voter Education) များဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းက ဆောင်ရွက်၍မရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဓိကကျသည့် သတင်းမီဒီယာ၏ အကူအညီများစွာလိုအပ်ပါကြောင်း၊ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲမှစတင်၍ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများကို ဖိတ်ကြားခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် အဆင်ပြေချောမွေ့စွာသတင်းရယူနိုင်ရန် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ ယခင်မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့်တွေ့ဆုံညှိနှိုင်းခဲ့ပါကြောင်း၊ ညှိနှိုင်းချက်များအရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် မြန်မာသတင်း မီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်လမ်းညွှန်များ၊ သတင်းမီဒီယာကျင့်ဝတ်များကို ပြုစုရေးသားဖြန့်ဝေပေးခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် သတင်းရယူရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့ခဲ့ပြီး ကော်မရှင်အတွက်များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေမှုဆိုသည့် စံ(၅)ချက်နှင့်အညီ

ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်၏လုပ်ဆောင်ချက်များ၊ ပြည်သူလူထုတစ်ရပ်လုံး သိသင့်သည့်သတင်းများ၊ ကြေညာချက်များထုတ်ပြန်ဆောင်ရွက်ခြင်းကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှ အခါအားလျော်စွာထုတ်လွှင့် ဖော်ပြပေးလျက်ရှိပါကြောင်း။

သတင်းအပြည့်အစုံဖတ်ရန်>>>>  မာတိကာသို့>>>>

**၃)၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာ၌ ဌာနသုံးခု သုံးဦးသုံးဖလှယ်လုပ်ရသည့်အတွက် ဘယ်တော့မှမမှန်ကန်နိုင်ဘဲ မဲစာရင်းမှားနိုင်သည်ဟု ခံယူထားကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ပြောကြား (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၄ရက်၊ Daily ELEVEN ၊ စာမျက်နှာ ၂)**

" မူရင်းကောင်းမှ မိတ္တူကောင်းမှာ။ မူရင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပဲ။ နောက်တစ်ခု ကလဝကပဲ။ ဒါကျွန်တော်လုပ်ငန်းသဘောကို ဘော်လီဘောပုတ်တဲ့သဘော မဟုတ်ပါဘူး။ အခြေအနေကိုသိအောင်တင်ပြတာ။ ဒီသုံးဦးသုံးဖလှယ်လုပ်တဲ့လုပ်ငန်းက ဘယ်တော့မှ မမှန်ကန်နိုင်ဘူး။ ကျွန်တော်ခံယူထားပြီးသား။ ဒါမှားနိုင်တယ်" ဟု ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဆိုသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>  မာတိကာသို့>>>>

**၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၅ရက် ၊ မြန်မာ့အလင်း၊ စာမျက်နှာ ၁၁)**

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူဦးရေကောက်ယူ၊ ပြုစု၊ စိစစ်ခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>  မာတိကာသို့>>>>

၅) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၆ ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၁၆)

၆) ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရန် တိုင်းနှင့်ပြည်နယ်အလိုက် စာရင်းကောက်ကွက်မြေပုံများ အဆင့်မြှင့်တင်ခြင်း ကွင်းဆင်းဆောင်ရွက်နေ ( ၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၇ရက်၊Daily ELEVEN ၊စာမျက်နှာ ၁၉)

၇) မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး ( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၂၉ ရက် ၊မြန်မာ့အလင်း၊ စာမျက်နှာ၃)

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

**၅) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၆ ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၁၆)**

ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါ်တင်လှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ ၏ အခန်းအလိုက်ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွဋ်က လူဦးရေစာရင်းနှင့် အချက်အလက်များကောက်ယူခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း စီမံချက်ပါလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်၏ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်းနှင့် ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးသူရိန်ထွဋ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၆) ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရန် တိုင်းနှင့်ပြည်နယ်အလိုက် စာရင်းကောက်ကွက်မြေပုံများ အဆင့်မြှင့်တင်ခြင်း ကွင်းဆင်းဆောင်ရွက်နေ (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၇ရက်၊Daily ELEVEN ၊စာမျက်နှာ ၁၉)**

၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နမူနာကောက်ကွက်များ ရွေးချယ်သတ်မှတ်၍ စာရင်းကောက်ကွက်မြေပုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးက ကွင်းဆင်းဆောင်ရွက်နေကြောင်းဇူလိုင် ၂၆ ရက်က စုံစမ်းသိရှိရသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၇) မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၉ ရက် ၊မြန်မာ့အလင်း၊ စာမျက်နှာ၃)**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က လူဦးရေစာရင်းကောက်ယူရမည့် အခြေအနေများနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂၃ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

လျက်ရှိရာ ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားတိုင်း မဲစာရင်းတွင်ပါဝင်ခြင်းဖြင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်၊ မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စေရေး ပြုစုဆောင်ရွက်ရန် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို မြို့နယ်မဲစာရင်းပြုစုရေးလုပ်ငန်းအဖွဲ့ဝင်များက ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ပြောသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>　　　　မာတိကာသို့>>>>

**၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပါတ်သက်သူများ တွေ့ဆုံဆွေးနွေး** (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၃ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၃)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီက တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှု ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေးနှင့် ဦးဆွေတင့်လွင်(ရှမ်းပြည်နယ်တာဝန်ခံများ)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ ၁၇ ခုမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းသုံးဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပူးပေါင်းပါဝင်ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကိုလွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲ ရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပဆောင်ရွက်လျက်ရှိ ကြောင်း၊ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေးအတွက် ရွေးကောက်ပွဲ

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျည်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လူဦးရေစာရင်းကောက်ယူပြုစုခြင်းလုပ်ငန်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေး၊ ဦးဆွေတင့်လွင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်းသိရသည်။

မာတိကာသို့>>>>

**၂) ၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၄ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၆)**

၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း(ယူနက်စကို)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၂၃ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် သတင်းမီဒီယာ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ပြည်သူ လူထုတစ်ရပ်လုံး ရွေးကောက်ပွဲဆိုင်ရာအသိပညာ ဗဟုသုတရရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်း (Civic Education) နှင့် ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်များအား မဲပေးခြင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်သည့်လုပ်ငန်း( Voter Education) များဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းက ဆောင်ရွက်၍မရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်း စဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဓိကကျ သည့် သတင်းမီဒီယာ၏ အကူအညီများစွာလိုအပ်ပါကြောင်း၊ ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှစတင်၍ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများကို ဖိတ်ကြားခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် အဆင်ပြေချောမွေ့စွာသတင်းရယူနိုင်ရန် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ ယခင်မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့်တွေ့ဆုံညှိနှိုင်းခဲ့ပါ ကြောင်း၊ ညှိနှိုင်းချက်များအရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် မြန်မာသတင်း မီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်လမ်းညွှန်များ၊ သတင်းမီဒီယာကျင့်ဝတ်များကို ပြုစုရေးသားဖြန့်ဝေပေးခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် သတင်းရယူရေးဆိုင်ရာကိစ္စရပ် များအဆင်ပြေချောမွေ့ခဲ့ပြီး ကော်မရှင်အတွက်များစွာ အထောက်အကူပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများ ယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေမှုဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်၏လုပ်ဆောင်ချက်များ၊ ပြည်သူ လူထုတစ်ရပ်လုံး သိသင့်သည့်သတင်းများ၊ ကြေညာချက်များထုတ်ပြန်ဆောင်ရွက်ခြင်းကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှ အခါအားလျော်စွာထုတ်လွှင့် ဖော်ပြပေးလျက်ရှိပါကြောင်း။

ကော်မရှင်၏ပြောရေးဆိုခွင့်ရှိသူအဖြစ် ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို တာဝန်ပေးထားပြီးလိုအပ် ပါက သတင်းစာရှင်းလင်းပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် နိုင်ငံတော်အကျိုးအတွက်မျှော်ကိုးပြီး ရွေးကောက်ပွဲနှင့်ဆိုင်သည့် မှန်ကန်မှုရှိသောသတင်း အချက်အလက်များကို ပြည်သူလူထုသိရှိစေရန် ဆောင်ရွက်ပေးစေလိုကြောင်း၊ သတင်းအမှား များနှင့် အမုန်းစကားများ ပြည်သူလူထုထံရောက်ရှိပါက ရွေးကောက်ပွဲတွင်မလိုလားအပ်သည့် ပဋိပက္ခများဖြစ်လာနိုင်သောကြောင့် သတင်းမီဒီယာများအနေဖြင့် ဘက်လိုက်ရေးသားမှုမျိုး မဖြစ်စေရန်နှင့် သတင်းတစ်ပုဒ်၏တန်ဖိုးကို အလေးထားရန်တိုက်တွန်းလိုပါကြောင်း၊ ရွေးကောက်ပွဲသတင်းများရေးသားဖော်ပြရာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသည့်သတင်းမီဒီယာကျင့်ဝတ်နှင့် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်ပြောကြားလိုပါကြောင်း။

၂၀၁၉ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှစ်အဖြစ် သတ်မှတ်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနများ နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအတွက်မဲစာရင်းပြုစုရာတွင်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ပူးပေါင်းပါဝင်လာစေရန်၊ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာရာတွင် ပြည်သူများကြည့်ရှုစေရန်နှင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်မှုများပြုလုပ်နိုင်ကြောင်း။ မဲဆန္ဒရှင်ပြည်သူများသိရှိနားလည်စေရန် သတင်းမီဒီယာသမားများ အနေဖြင့်ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) နှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း( ယူနက်စကို ) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Min Jeong Kim တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက်တက်ရောက်လာကြသူများက ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကာလတွင် မီဒီယာအခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ပိုင်းဂန်းဆွေးနွေးအကြံပြုကြသည်။

မာတိကာသို့>>>>

**၃)၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာ၌ ဌာနသုံးခု သုံးဦးသုံးဖလှယ်လုပ်ရသည့်အတွက် ဘယ်တော့မှမမှန်ကန်နိုင်ဘဲ မဲစာရင်းမှားနိုင်သည်ဟု ခံယူထားကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ပြောကြား** (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၄ရက်၊ Daily ELEVEN ၊ စာမျက်နှာ ၂)

၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲအတွက်မဲစာရင်းပြုစုရာ၌ ဌာနသုံးခုသုံးဦးသုံးဖလှယ်လုပ်ရသည့်အတွက် ဘယ်တော့မှမမှန်ကန်နိုင်ဘဲ မဲစာရင်းမှားနိုင်သည်ဟု ခံယူထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

ဇူလိုင်၂၃ရက်က နေပြည်တော်ရှိ Kempinski ဟိုတယ်တွင်ပြုလုပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သတင်းမီဒီယာကောင်စီတို့၏ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းအဏ္ဍအပေါ် ပူးပေါင်းဖော်ဆောင်နိုင်ရန် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

" မူရင်းကောင်းမှ မိတ္တူကောင်းမှာ။ မူရင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပဲ။ နောက်တစ်ခုကလဝကပဲ။ ဒါကျွန်တော်လုပ်ငန်းသဘောကို ဘော်လီဘောပုတ်တဲ့သဘော မဟုတ်ပါဘူး။ အခြေအနေကိုသိအောင်တင်ပြတာ။ ဒီသုံးဦးသုံးဖလှယ်လုပ်တဲ့လုပ်ငန်းက ဘယ်တော့မှမမှန်ကန်နိုင်ဘူး။ ကျွန်တော်ခံယူထားပြီးသား။ ဒါမှားနိုင်တယ်" ဟု ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဆိုသည်။

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၂၃ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာ၌ အချက်အလက်များထည့်သွင်းရာ၌ မှားနိုင်သည့်အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြောင်းရွှေ့လူဦးရေစာရင်းနှင့် ကွယ်လွန်သူစာရင်းများအားပယ်ဖျက်ရန် မှားယွင်းနိုင်ကြောင်းကော်မရှင်ဥက္ကဋ္ဌက ဆိုသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် မိမိတို့ဌာနတွင်ရှိနေသည့် အချက်အလက်များကိုသာစစ်ဆေးရပြီး ၎င်းတို့ဌာနတွင် မရှိသည့်အချက်အလက်များအား စစ်ဆေးနိုင်ခြင်းမရှိသည့်အတွက် မဲစာရင်းမှားယွင်းနိုင်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

" ဒီသုံးဦးပေါင်းတဲ့မဲစာရင်းက မှန်မယ်ဆိုရင် ကျွန်တော်လည်းမယုံကြည်နိုင်ဘူး။ ဒီသုံးဦးမှာ ချို့ယွင်းချက်တစ်ခုစီရှိနေတယ်။ မဲစာရင်းကိုသုံးဦးသုံးဖလှယ်ပြုစုပြီး ကျွန်တော်တို့အခြေခံမဲစာရင်းကို ကပ်လိုက်တယ်။ ကပ်လိုက်တာအများပါမှန်းသိလို့ ကပ်လိုက်တယ်။ ဘာရည်ရွယ်ချက်နဲ့ ကပ်တာလဲဆိုတော့ ဒီမဲစာရင်းက ဒီမဲစာရင်းကြီးက အပြည့်အစုံမမှန်ပါဘူးလို့ ထည့်လိုက်ရင် သိက္ခာကျမှာစိုးလို့ အဲ့ဒါကို မထည့်တာ။ ဒါကြောင့်မို့လို့ ပြည်သူများမိမိမဲရုံမှာ မဲစာရင်းကပ်တဲ့အခါလာကြည့်ပါ။ အိမ်ထောင်တစ်ခုမှာ တစ်ယောက်လာကြည့်လည်းရတယ်။ အဲ့ဒီအိမ်မှာရှိတဲ့ သိကျွမ်းနိုင်မယ့်လူတစ်ယောက်လာကြည့်ရင်ကျန်တဲ့သူကို ဖြည့်ဖို့လိုတယ် " ဟု ဦးလှသိန်းက ပြောကြားသည်။

ဆက်လက်၍ ၎င်းက " ကျွန်တော်တို့လူဦးရေစာရင်းကတော့ အခြေခံကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပဲ။ သူ့အောက်မှာရပ်ကွက်တိုင်းမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရှိတယ်။ ဒီနှစ်ဦးက သူ့နယ်မြေအတွင်းမှာ လူဦးရေဘယ်လောက်ရှိတယ် ဆိုတာအသိဆုံးပဲ။ အဓိကကိုင်ထားတဲ့စာရင်းပေ့ါ။ ကျွန်တော်တို့က အဲ့ဒီစာရင်းတောင်းရတယ်။ ရတော့ အဲ့ဒီလူဦးရေက မှတ်ပုံတင်ရှိရဲ့လား။ နိုင်ငံသားဟုတ်ရဲ့လား။ ၁၈နှစ်ပြည့်ရဲ့လားဆိုတော့ Data ကျတော့ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန အကူအညီတောင်းပြီးစစ်ပေးပါ။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကလည်း သူ့ဆီမှာရှိတဲ့ Data ပဲစစ်နိုင်တာ။ သူတို့ထုတ်ပေးတဲ့ စိစစ်ရေးကတ်ပြားရှိတဲ့သူကိုပဲစစ်ပေးနိုင်တာ။ မရှိတဲ့သူကိုမစစ်နိုင်ဘူး။ သူတို့စစ်ပေးနိုင်တာကိုပဲ စစ်ပေးတဲ့အတွက် မစစ်ပေးနိုင်တဲ့ဟာကျတော့ ကျွန်တော်တို့မှန်မယ်လို့ တာဝန်မယူနိုင်ဘူး။ ထို့အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနာက ပေးတဲ့စာရင်းဟာလည်း ဒီရပ်ကွက်အုပ်ချုပ်ရေးမှူးက သေချာပြီလား။တစ်ယောက်မှမကျန်တာဟုတ်ရဲ့လား။ ပြောင်းသွားတဲ့သူတွေ နုတ်ပြီးပြီလား။ ရွှေ့လာတဲ့သူတွေကို ပေါင်းပြီးပြီလား။ ကွယ်လွန်တဲ့သူတွေကို ဖျက်ပြီးပြီလား။ ဒါတွေဟာ သူတို့မှာ တိတိကျကျလုပ်နိုင်လေ မဲစာရင်းက မှန်ကန်လေ " ဟုပြောကြားသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြဿနာမပေါ်ပေါက်ဘဲပြည့်စုံမှန်ကန်သည့် မဲစာရင်းဖြစ်စေရန် ပြည်သူများ၊ သတင်းကောင်စီနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

*မျှော်မှန်းချက်*

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

**Our Vision**

*"A state with Thriving Democracy through Free and Fair Elections"*

*ရည်မှန်းချက်*

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

***Our Mission***

"Networking to Support for Holding Genuine Elections with Democratic Norms"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ ပညာပေးခြင်းများဆောင်ရွက်ခြင်းဖြင့် ပြည်သူများကိုယ်တိုင်ပါဝင်မှ ရမည်ဆိုသည်ကို လက်ခံသွားပါက မိမိတို့အနေဖြင့်လုပ်ဆောင်ရကျိုးနပ်ကြောင်း ဦးလှသိန်းက ဆိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၉ခုနှစ်အား မဲစာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ထားသည်။ ပြီးခဲ့သည့်၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးတွင် ဆန္ဒမဲပေးနိုင်သည့်ဦးရေ၃၄ သန်းခန့်ရှိပြီး ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည့်ဦးရေ ငါးသန်းခန့်တိုးလာနိုင်သည်ဟု ခန့်မှန်းထားသည်။

မာတိကာသို့>>>>

**၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၅ရက် ၊ မြန်မာ့အလင်း၊ စာမျက်နှာ ၁၁)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ တိုင်းလိ ယဉ်ကျေးမှုခန်းမဆောင်၌ ကျင်းပသည်။

ကဏ္ဍစုံမှကိုယ်စားလှယ်များတက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးစိုးရယ်၊ ဦးသန်းဌေးနှင့် ဦးဆွေတင့်လွင်(ရှမ်းပြည်နယ်တာဝန်ခံများ)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဉက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ၁၂ခုမှ တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းသုံးဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဆွေတင့်လွင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်သော လူဦးရေစာရင်းများကောက်ယူ၊ ပြုစု၊ စိစစ်

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂၃ရက်၊ ဇူလိုင်၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ချက်ရှိပါကြောင်း၊ အဆိုပါ လူဦးရေစာရင်းကို အခြေခံ၍မဲဆန္ဒရှင်စာရင်းအဖြစ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပြုစုသွားမည်ဖြစ်ပါကြောင်း။ လူဦးရေစာရင်းမှန်ကန်စေရေး သည်အထူးအရေးကြီးသဖြင့် စာရင်းကောက်ယူရာတွင်ပြည်သူလူထု၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှလည်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက် ပေးစေလိုကြောင်းပြောကြားသည်။

အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း

ထို့နောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးထင်ကျော်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူဦးရေကောက်ယူ၊ ပြုစု၊ စိစစ်ခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ဆွေးနွေးရှင်းပြခဲ့

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေး၊ ဦးဆွေတင်းလွင်တို့က ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

မာတိကာသို့>>>>

**၅) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၆ ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၁၆)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်စိုးဝင်းနှင့် ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲစာရင်းတွင်ရှိခဲ့သော အခြေခံမဲဆန္ဒရှင်စာရင်းထက် တိုးလာမည်ဖြစ် ကြောင်း၊ ထိုကြောင့် မဲဆန္ဒရှင်စာရင်းကို မဖြစ်မနေကောက်ယူရမည်ဖြစ်ကြောင်း၊

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်မှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်သည် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံငါးရပ်ကို သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၉ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် တိကျမှန်ကန်သော မဲဆန္ဒရှင်စာရင်းများ ရရှိရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုအပိုင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါ်တင်လှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂၏ အခန်းအလိုက်ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွဋ်က လူဦးရေစာရင်းနှင့် အချက်အလက်များကောက်ယူခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း စီမံချက်ပါလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်၏ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်းနှင့် ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထဋ်တို့က ပြန်လည်ရှင်းလင်းဆွေးခဲ့ကြသည်။

မာတိကာသို့>>>>

**၆) ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရန် တိုင်းနှင့်ပြည်နယ်အလိုက် စာရင်းကောက်ကွက်မြေပုံများ အဆင့်မြှင့်တင်ခြင်း ကွင်းဆင်းဆောင်ရွက်နေ** (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၇ရက်၊Daily ELEVEN ၊စာမျက်နှာ ၁၉)

၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နမူနာကောက်ကွက်များ ရွေးချယ်သတ်မှတ်၍ စာရင်းကောက်ကွက်မြေပုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးက ကွင်းဆင်းဆောင်ရွက်နေကြောင်းဇူလိုင် ၂၆ ရက်က စုံစမ်းသိရှိရသည်။

ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရန် နမူနာကောက်ကွက်များ ရွေးချယ်သတ်မှတ်၍ စာရင်းကောက်ကွက်မြေပုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဧပြီ ၁ ရက်မှ ဇူလိုင် ၁၄ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရနှင့် ဒက္ခိဏခရိုင်အတွင်းရှိမြို့နယ် ရှစ်မြို့နယ်၏ နမူနာ

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂၃ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

စာရင်းကောက်ကွက် ၁၁၆ ကွက်၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်းနှင့် မင်းတပ်ခရိုင်တို့အတွင်းရှိ မြို့နယ်ကိုးမြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၉၈ကွက်၊ရောဂတီတိုင်းဒေသကြီး၊ ပုသိမ်၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ လပွတ္တာနှင့် ဟင်္သာတခရိုင်တို့အတွင်းရှိမြို့နယ် ၂၆ မြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၄၈၇ကွက်၊ ကရင်ပြည်နယ်ဘားအံ၊ ဖာပွန်၊ မြဝတီနှင့် ကော့ကရိတ်ခရိုင်တို့အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၏နမူနာစာရင်းကောက်ကွက် ၁၃၈ ကွက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်တို့အတွင်းရှိ မြို့နယ် ၁၀မြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၁၄၆ ကွက်၊ ကချင်ပြည်နယ်မြစ်ကြီးနား၊ မိုးညင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင်တို့အတွင်းရှိ မြို့နယ် ၁၇မြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၁၇၃ ကွက်၊ ကယားပြည်နယ် လွိုင်ကော်နှင့် ဘော်လခဲခရိုင်အတွင်းရှိမြို့နယ် ခုနစ်မြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၆၈ကွက်၊ မွန်ပြည်နယ် မော်လမြိုင်နှင့် သထုံခရိုင်အတွင်းရှိမြို့နယ် ၁၀ မြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၁၅၁ ကွက်တို့တွင် Digitizing ပြုလုပ်သည့် စာရင်းကောက်ကွက်မြေပုံများဖြင့် လက်တွေ့ကွင်းဆင်း၍ မြေပုံ Update ပြုလုပ်ခြင်းနှင့် အဆောက်အအုံစာရင်းတင်ခြင်းလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းအပြင် ရှမ်းပြည်နယ်တောင်ကြီး ၊လွိုင်လင်၊ လင်းခေး၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ မိုးမိတ်၊ ကွမ်းလုံ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်နှင့် မိုင်းဖြတ်ခရိုင်တို့အတွင်းရှိမြို့နယ် ၄၇မြို့နယ်၏ နမူနာစာရင်းကောက်ကွက် ၄၆၀ ကွက်ကို ဇူလိုင် ၂၂ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်နေကြောင်းသိရပြီး ကွင်းဆင်းဆောင်ရွက်ရန်ကျန်ရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စာရင်းကောက်ကွက်မြေပုံများတွင် Digitizing ပြုလုပ်ခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် စာရင်းကောက်ကွက်မြေပုံများကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်း၊ သတ်မှတ် ပုံစံဖြင့်စာရင်းကောက်ကွက်မြေပုံများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်နေကြောင်းအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက သိရသည်။

မာတိကာသို့>>>>

**၇) မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၉ ရက် ၊မြန်မာ့အလင်း၊ စာမျက်နှာ၃)**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေးကို ယမန်နေ့က ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က လူဦးရေစာရင်းကောက်ယူရမည့် အခြေအနေများနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားတိုင်း မဲစာရင်းတွင်ပါဝင်ခြင်းဖြင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်၊ မဲဆန္ဒရှင်စာရင်းတိကျမှန်ကန် စေရေး ပြုစုဆောင်ရွက်ရန် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို မြို့နယ်မဲစာရင်းပြုစုရေးလုပ်ငန်းအဖွဲ့ဝင်များက ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်ရုံးဦးစီးအရာရှိ ဒေါ်ဇင်မာသက်က လူဦးရေစာရင်း ကောက်ယူခြင်း၊ မဲဆန္ဒရှင်စာရင်းကောက်ယူခြင်းနှင့် စာရင်းများကို စဉ်ဆက်မပြတ်ဖြည့်စွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မာတိကာသို့>>>>